မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 7/Issue 8 / August / 2014




## စုံလင်သန့်စင်ခြင်းဖြင့် ခိုင်ခံ့စေပါ၊

အမဲရောင်ညစ်ပေသည့် မီးလောင်လွယ်သည့် သာမန်ကာဗွန်ဒြပ်စင်မှ စိန်သည် လှပ၍ အဖိုးတန်ကျောက်မျက်ရတနာ တစ်ပါးအဖြစ် စတင်ဖြစ်ပေါ်သည်။ ပြင်းထန်လှသည့် အပူနှင့် ဖိအားဒဏ်ကို နှစ်ပေါင်းများစွာခံရပြီးနောက် ကာဗွန်ဒြပ်စင်သည် သန့်စင်မာကြော လာသည်။ ဝိညာဉ်ရေးသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ဘုရားသခင်သည် ပြင်ပမှဖိအားများကို သုံးပြီး ကျွန်ုပ်တို့အတွင်းရှိမသန့်ရှင်းမှုများကို ဖယ်ရှားကာ မိမိ၏တန်ခိုးအစွမ်းဖြင့် စုံလင်စေရန် လုပ်ဆောင်ပေးသည်။ ဘုရားသခင်၏တန်ခိုးသည် အားနည်းခြင်း အဖြစ်၌ စုံလင်စေကြောင်း တမန်တော်ကြီးရှင်ပေါလုကဆိုထားသည်။(၂ကော၊၁၂း၉) ကျွန်ုပ်တို့သည် အားနည်းခြင်းသဘောကို မနှစ်သက်ပါ။ ထို့ကြောင့်ထိုအဆိုကို လက်မခံချင်ပါ။ ကျွန်ုပ်တို့သည် အားနည်းခြင်း အခြေအနေ မခံစားလိုကြပါ။ အချို့က အားရှိ ခိုင်ခံ့ပြီး မိမိဖာသာ ကြံ့ခိုင်သယောင် ဟန်ဆောင် ဖန်တီးသည်။ သို့သော် ကျွန်ုပ်တို့သည် ကျန်းမာရေးကျဆင်းလျှင်ဝှင်း၊ အလုပ်ပြုတ်လျှင်ဝှင်း၊ ပေါင်းသင်းဆက်ဆံရေး တစ်ခုခုချို့ယွင်းခဲ့လျှင်၊ ဘုရားသခင်ကိုသာ အကြွင်းမဲ့ မှီခိုရကြောင်း သတိပေးနေသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ပြင်ပမှ ဖိစီးနှိပ်စက်မှု ဖြစ်စေ၊ အတွင်းစိတ်မှ ဖိနှိပ်မှု ဖြစ်စေ၊ ဆင်းရဲဒုက္ခ မီးဒဏ်ခံစားနေရပါသော်၊ ဘုရားသခင်၏ အကြံအစည်နှင့် နှစ်သက်ဖွယ် ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို သန့်စင်၊သန့်ရှင်းစေပြီး၊ ခိုင်ခံ့စေရန်ဖြစ်ပါသည်။ မသန့်ရှင်းမှုများကို ဖယ်ရှားရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘဝအသက်တာကို စစ်ကြော၍ ကိုယ်တော်၌သာ ခိုင်ခံ့ရကြောင်း သိရန် သွန်သင်ပေးပါ၏။ ကျွန်ုပ်တို့ကို သန့်စင်ရန်နှင့် ခိုင်ခံ့စေရန် ဘုရားသခင်က ဆင်းရဲခြင်း ဒုက္ခဝေဒနာမီးကို အသုံးပြုနေ၏။ ❑

# 2014, August Events

August 2014

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

AUGUST 2014

**Holy Communion**

08/ 03/ 2014

~~~~~~~~~~~~~~~

**B.C.F. Official Board Meeting**

08/ 10/ 2014

~~~~~~~~~~~~~~~

**Regular Sunday Service**

08/ 17/ 2014

~~~~~~~~~~~~~~~

**Regular Sunday Service**

08/ 24/ 2014

~~~~~~~~~~~~~~~

**Regular Sunday Service**

08/ 31/ 2014

~~~~~~~~~~~~~~~

**Every Service on Sunday 2:00PM**
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***
~~~~~~~~~~~~~~~

# BCF Family Annual Picnic



*All BCF families and members …*

*BCF is invited to our family annual picnic*
*on Saturday 9:00AM*
*in August 9, 2014*
*at Huntington Beach Pier.*

*Social and Recreation Committee will provide fun activities, including beach volley ball, bike tour, fishing, swimming, enjoy music, good food … more and getting to know some of your BCF Family who live in your community.*

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# Southern California Burmese Christian Family Camp



*Camp Place… Colby Ranch*
*Camp Address ….Colby Ranch*
*23828 Angeles Forest Highway*
*Palmdale, CA 93550*
*Camp Theme … "Are you prepare for the Champion of Christ!"*
*Bible Scripture … Hebrew 12:1-2*
*Arrival … Saturday, August 30, 2014 at 11:00 AM*
*Departure … Monday, September 01, 2014 at 2:00 PM*
*Camp Registration Fees … $70 / person (lodging & meals)*
*Contact Persons … Dr. Charles Ang (626) 359-2527*
*U Kyi Shinn (626) 633-0065*




## FACTS ABOUT AUGUST:

August is the eighth month of the year. This month was originally named Sextilis in Latin, because it was the sixth month in the original ten-month Roman calendar under Romulus in 753 BC, when March was the first month of the year. About 700 BC it became the eighth month when January and February were added to the year before March by King Numa Pompilius, who also gave it 29 days. Julius Caesar added two days when he created the Julian calendar in 45 BC giving it its modern length of 31 days.

In 8 BC it was renamed in honor of Augustus (despite common belief, he did not take a day from February; see the debunked theory on month lengths). According to a Senatus consultum quoted by Macrobius, he chose this month because it was the time of several of his great triumphs, including the conquest of Egypt.

August is the height of the summer time in the temperate zone of the Northern Hemisphere. The longest days of the year is passed, but the hot days remain. In the northern regions and mountains, cool nights and early frosts lets one know that the summer is about to come to an end. In the Southern Hemisphere, August means the winter will soon be over.

The birds are already planning to fly south for the winter. The insects are noisier and numerous than in any other month. This is perhaps the busiest month for businesses, since most people take their vacations in August.

- The sardonyx and peridot are the gems for August.
- The poppy and gladiolus are the flowers for the month of August.
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# “သနားစရာ အိုဘယ့်လူသား”

~ *Unknown* ~

- အများအမြင်မှာတော့ … လူ့မလိုင်အထက်တန်းစား
  ပါးစပ်ကဘုရားဘုရား … လက်ကကားရားကားရား၊

- ငါတည်းဟူသောအတ္တ … ငါနှင့်ငါသာနိုင်းစရာ … ငါသာလျှင်အဓိက
  ငါ့ကိုယ်ငါသာကိုးကွယ်ရာ …ငါကလွဲရင် … ဖွဲနှင့်စကွဲ၊

- ဘုရားကိုမမြင် … တရားကိုလည်းမကြင်၊
  ဘုရားကိုမကြောက် … တရားကိုလည်းမထောက်၊
  ဘုရားကိုမလေးစား … တရားကိုလည်းအရေးမထား၊

- ဘုရားနဲ့လွဲ … တရားနဲ့လည်းကွဲပြီမို့၊
  သူ့အသက်တာလည်းမွဲနေပြီ။
  ဘုရားလည်းမရှိ … တရားလည်းမသိလေတော့၊
  သူ့ဘဝကနတ္ထိ။

- ဘယ်ဘုရားမှငါမသိ … ငါကဒိဋ္ဌိ … အစဉ်ဟစ်ကြွေးဘိ၊
  ဒိဋ္ဌိတို့သွားရာလမ်း … သူကမသိ … သနားပါဘိ။

- ဝတ္တရားမကျေသူ … ဒို့လိုလူများ
  သတိချပ်ဖွယ် … ကောင်းပါဘိ။

- ဒို့အများမှာ … တာဝန်ရှိ … ဒါကိုဒို့ကမသိ၊
  ဩော်!သနားစရာ … အိုဘယ့်လူသား။

# ဘဝသစ်သို့လျှောက်လှမ်းကြစို့ … သူငယ်ချင်း

**မြေလတ်–တင့်လွင်ဦး**

ဘဝဆိုတာ
တိုတောင်းပါတယ် … သူငယ်ချင်း။

တိုတောင်းလှပ
လူ့ဘဝမှာ
ဖြစ်သလိုနေ
ပျော်ပျော်ပွေလည်း
မရေရာလမ်း
ဗေဒါပန်းလို
ဟိုကမ်းဒီကမ်း
ရော်ကာမှန်းလည်း
အလွမ်းတေးနှင့်ဆုံးမည်တည်း။

ဒါကြောင့် … ယေရှုခရစ်
ယုံကြည်စစ်နဲ့
စိတ်သစ်လူသစ်
ဘဝသစ်သို့
ပြောင်းပစ်လိုက်ပါ … သူငယ်ချင်း။

ဒါဆိုရင်
ယေရှုသခင်
သူ့ကိုမင်လျှင်
ဖြူစင်စိတ်ထား
ရင်မှာပွားမိ
အများကျိုးတွက်
မပျက်ကွက်တတ်
စိတ်ထက်သန်စွာ
ပါဝင်ကူညီဆင်နွှဲမည်တည်း။

# လိမ္မာသော ဗိသုကာ

*ရှေ့ကျမ်းချက်၊–ကောရိန္သု ပဌမစောင်၊ အခန်းကြီး ၃၊ အခန်းငယ် ၁၀ – ၁၁။*
*ဘုရားသခင်၏ ကျေးဇူးတော်ကိုငါခံရသည်နှင့်အညီ၊ လိမ္မာ သော ဗိသုကာကဲ့သို့တိုက်မြစ်ကိုချပြီ။*
*အခြားသောသူသည် ထပ်ဆင့်၍တည်ဆောက်လေ၏။ သို့ရာတွင် အဘယ်သို့ထပ်ဆင့်၍*
*တည်ဆောက်သည်ကို လူတိုင်းသတိ ပြုပါစေ။ အကြောင်းမူကား၊ ယေရှုခရစ် တည်းဟူသော၊*
*ချလျက်ရှိသောတိုက်မြစ်မှ တပါးအခြား သောတိုက် မြစ်ကိုအဘယ်သူမျှမချနိုင်။*

---

ရေး–*John ma*



အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ အငြိမ်းစားယူရန် အဆင်သင့်ဖြစ်နေသော ဗိသုကာကြီး တစ်ယောက် သည် ငြိမ်းစားယူရန် အလုပ်ရှင်ကို ခွင့်တောင်းသည်။ အလုပ်ရှင်ကလည်း ဤကဲ့သို့ အတွေ့အကြုံရင့်ကျက်၍၊ ကျွမ်းကျင်သော ဗိသုကာတစ်ယောက်ကို လက်လွှတ်ရသည်ကို နှမြောသော်လည်း ဤဗိသုကာကို နောက်ထပ်အိမ်တစ်လုံး ဆောက်ပြီးမှ အငြိမ်းစားယူရန် မေတ္တာရပ်ခံလိုက်သည်။

အလုပ်ရှင် တောင်းဆိုသည့်အတိုင်း ဗိသုကာသည် ဤနောက်ဆုံးအိမ်ကို ဆောက်ပေးလိုက်ပါသည်။ အငြိမ်းစားယူလုနီးပါးဖြစ်သောကြောင့် ထိုသို့ဆောက်လုပ်ရာတွင် ကိုယ်ရောစိတ်ပါ ရာနှုန်းပြည့် ကြိုးစား၍ အကောင်းဆုံးပစ္စည်းများဖြင့် ဆောက်လုပ်ခြင်းမဟုတ်ဘဲ၊ စိတ်မပါ့တပါနှင့် ပြီးစလွယ် ညံ့ဖျင်းသော လက်ရာနှင့် အပေါစား ပစ္စည်းကိုသုံးကာ၊ ဤနောက်ဆုံးအိမ်ကို ဆောက်လုပ်ပေးလိုက်သည်။ ဆောက်လုပ်ခြင်းပြီးစီးသောအခါ၊ ဗိသုကာသည် အိမ်ကို စစ်ဆေးရန် အိမ်၏သော့ကို အလုပ်ရှင်၏ လက်ထဲသို့ အပ်လိုက်ပါသည်။

ထိုအခါ အလုပ်ရှင်သည် အိမ်သော့ကို ဗိသုကာလက်ထဲသို့ ပြန်အပ်ကာ ဤအိမ်ကို သူ အငြိမ်းစားယူလျှင် လက်ဆောင်အဖြစ်ပေးရန် ရည်ရွယ်၍ ဆောက်လုပ်စေခြင်းသာဖြစ်ပါကြောင်း ပြောလိုက်သည်။ ဗိသုကာသည် တုန်လှုပ်ခြောက်ခြားသွားသည်။ အလွန်နောင်တရသွားသည်။ အကယ်၍သာ ဤအိမ်သည် သူကိုယ်တိုင် နေဖို့ရန်အတွက် ဖြစ်သည်ကို ကြို၍သိလျှင်၊ သူသည် ဤအိမ်ကို ဤကဲ့သို့ အရည်အသွေးညံ့အောင် ပြီးစလွယ် ဆောက်မည်မဟုတ်ပါ။ အကောင်းဆုံး ပစ္စည်းတို့ဖြင့် အိမ်အကောင်းဆုံးဖြစ်အောင် ဆောက်လုပ်မည်ဖြစ်သည်။

ဤဗိသုကာကဲ့သို့ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ဘဝကို နေ့စဉ်နေ့တိုင်းတည် ဆောက်သောအခါ ကိုယ့်အတွက်မဟုတ်ဘူးဆိုလျှင်၊ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး မကြိုးစားတော့ပါ။

ဤကဲ့သို့ အကောင်းဆုံး မကြိုးစားဘဲ ဆောက်လုပ်ထားသော အိမ်၌ နေရမည်ဟုဆို ပါလျှင် ဤဗိသုကာကဲ့သို့ပင် တုန်လှုပ်ခြောက်ခြားသွားမည်အမှန်ပါ။ နောက်ပြန်လှည့်ရန်လည်း မဖြစ် နိုင်တော့ပါ။

**ကျွန်တော်တို့သည် ကျွန်တော်တို့၏ဘဝကိုနေ့စဉ်နေ့တိုင်းတည်ဆောက်သောအခါ**
**ကိုယ့်အတွက်မဟုတ်ဘူးဆိုလျှင် အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး**
**မကြိုးစား ကြတော့ပါ။**

နေ့စဉ်နေ့တိုင်း ကျွန်တော်တို့ ပြုလုပ်လိုက်သော အမှုတစ်ခု၊ ရိုက်လိုက်သော သံတစ်ချောင်း၊ တင်လိုက်သောပျဉ်တစ်ချပ်၊ ထောင်လိုက်သောနံရံတစ်ခုသည် ကျွန်တော်တို့၏ ဘဝနေအိမ်ကို ကျွန်တော်တို့ တည်ဆောက်နေခြင်းသာဖြစ်သည်။

ကျွန်တော်တို့၏ စိတ်နေသဘောထား၊ ယနေ့ပင် ပြုလုပ်လိုက်သော ရွေးချယ်မှုနှင့် လုပ်ဆောင်မှုသည် ကျွန်တော်တို့ နေရန် ဘဝအိမ်ကို ဆောက်လုပ်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် လိမ္မာပါးနပ်စွာဖြင့် တည်ဆောက်ပါ။

ဘဝဗိသုကာချုပ်ကြီးဖြစ်သော ခရစ်တော်ဘုရား၏ကျေးဇူးတော်နှင့်လမ်းညွှန်မှုအားဖြင့် ကျွန်တော်တို့သည် ခိုင်မာသောအုတ်မြစ်ရှိပြီး ဘုရားသခင်၏အလင်းတရားကို ထွန်းလင်းနိုင်သည့် ဘဝအိမ်အကောင်းဆုံးဖြစ်အောင် တည်ဆောက်ကြပါစို့။

---

## စိတ်နှလုံးရွှင်လန်းရသော အခွင့်၊

ပညာညာကြီးသောရှောလမုန်မင်းကြီးက၊ ငါသိမြင်သောအရာဟူမူကား၊ စားသောက်ခြင်း အမှု၊ နေအောက်၌ ဘုရားသခင် ပေးတော်မူသော အသက်ရှည်သမျှ ကာလပတ်လုံး၊ ကြိုးစားအားထုတ်၍ ရသော အကျိုး၌ ပျော်မွေ့ခြင်းအမှုကို ပြုကောင်း၏။ လျောက်ပတ်၏။ ထိုအမှုသည်လူ၏ အဘို့ဖြစ်၏။

ဘုရားသခင် ပေးသနားတော်မူသော စည်းစိမ်ဥစ္စာကို ရသော လူတိုင်း၊ မိမိအဘို့ကို ခံ၍ ဝင်စားခြင်းငှာ၎င်း၊ ကြိုးစားအားထုတ်ရာ၌ ပျော်မွေ့ခြင်းငှာ၎င်း၊ ဘုရားသခင့်ကျေးဇူးတော်ကြောင့် အခွင့်ရှိ၏။ လွန်သောနေ့ရက်ကာလကို များစွာ မအောက်မေ့ရ။ စိတ်နှလုံးရွှင်လန်းသောအခွင့်ကို ဘုရားသခင် ပေးသနားတော်မူ၏။ ဒေသနာကျမ်း။ ၅ း ၁၈–၂၀

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## ရတနာ အစစ် ၊

ကဗျာလေး တစ်ပုဒ် ခေါင်းစဉ်က .. ‘ရတနာအစစ်’။

စာသားလေးရဲ့ အဓိပ္ပါယ်ကတော့ သင် အဓိက ရှာဖွေ နေတာတွေဟာ ဓန .. ဂုဏ် .. အပျော်အပါး ဆိုရင်၊ တကယ့် ရတနာအစစ်ကို သင် လွတ်သွားလိမ့်မယ်။

အဲဒီ ရတနာဟာ လောကအတိုင်းအတာနဲ့ တိုင်းလို့မရဘူး။

အဲဒီ ရတနာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးဖြတ်လို့မရတဲ့၊ သင့် စိတ်ချမ်းသာမှုဘဲ။ ဒါကြောင့် စိတ်ချမ်းသာမှုဟာ တန်ဖိုးဖြတ်လို့မရတဲ့ တကယ့် ရတနာအစစ် အမှန်ပါဘဲ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## စိတ်ချမ်းသာ ခြင်း၏ အကျိုး(၁၀)ပါး။

- စိတ်ချမ်းသာသောသူသည် .. မိသားစုကို ပို၍ အကျိုးပြုနိုင်၏။
- စိတ်ချမ်းသာသောသူသည် .. ပို၍ ပူးပေါင်းဆောင်ရွက်နိုင်၏။
- စိတ်ချမ်းသာသောသူသည် .. အလုပ်ကို ပိုကောင်းအောင် လုပ်နိုင်၏။
- စိတ်ချမ်းသာသောသူသည် .. ကိုယ်ခံအားကောင်းပြီး ပို၍ကျန်းမာ၏၊
- စိတ်ချမ်းသာသောသူသည် .. အသက်ပိုရှည်၏။
- စိတ်ချမ်းသာသောသူသည် .. အသိုင်းအဝန်းနှင့် သင့်တင့်စွာနေတတ်၏။
- စိတ်ချမ်းသာသောသူသည် .. စိတ်အားမငယ်၊ စိတ်ဓါတ်ကျခြင်း မရှိပါ။
- စိတ်ချမ်းသာသောသူသည် .. သွက်လက်တက်ကြွ၏။
- စိတ်ချမ်းသာသောသူသည် .. စိတ်ရောဂါ မဖြစ်နိုင်ပါ။
- စိတ်ချမ်းသာသောသူသည် .. ကိုယ့်ကိုကိုယ် ပိုပြီးထိန်းသိမ်းနိုင်၏။ ။

## စိတ်နှလုံးသွင်းရန် ဩဝါကျမ်းချက်

==================================================

သုတ္တံကျမ်း၊ ၃ း ၅–၁၂။ ၂၃–၂၆

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။
ကိုယ်ဥာဏ်ကို မမှီမပြုနှင့်။
သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။
သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။

ငါသည် ပညာရှိ၏ဟု ကိုယ်ကို မထင်နှင့်။
ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကို ရှောင်လော့။
သို့ပြုလျှင်၊ သင်၏ အကြောတို့သည် အားသန်၍၊
အရိုးတို့သည် ခြင်ဆီနှင့် ပြည့်စုံ ကြလိမ့်မည်။

သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီးအနှံ ရှိသမျှကို
ထာဝရဘုရားအားပူဇော်လော့။သို့ပြုလျှင်၊ သင်၏ စပါးကျီတို့သည်
ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်။

ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။
သင်၏ အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်စေနှင့်။

ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။
နှစ်သက်တော်မူသော သားကို ဒဏ်ခတ်တော် မူတတ်၏။

သင်သည် ခရီးသွားရာ၌ ဘေးမရှိ။
ခြေမတိုက်မိဘဲ သွားလိမ့်မည်။

အိပ်သောအခါ ကြောက်စရာ မရှိရ။
ကောင်းမွန်စွာ အိပ်ပျော်ရလိမ့်မည်။

လျှင်မြန်သော ဘေးနှင့် လူဆိုးတွေ့တတ်သော ပျက်စီးရာဘေးကို
ကြောက်စရာမရှိရ။

အကြောင်းမူကား၊ ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာ ဖြစ်၍၊
သင်၏ခြေကို မကျော့မိစေခြင်းငှာ စောင့်မတော်မူလိမ့်မည်။ ။